# သဘာဝဘေးအန္တရာယ်(ငလျင်)ကြောင့် ထိခိုက်ပျက်စီးခဲ့သည့်လုပ်ငန်းများ၏ဆုံးရှုံးမှုများအတွက် ပူးတွဲတင်ပြရမည့်ပုံစံ

တင်ပြသည့်ရက်စွဲ -

| အပိုင်း က၊ လုပ်ငန်းအချက်အလက် | | | | |
|---|---|---|---|---|
| ၁။ အခွန်ထမ်းအမည် | | | | |
| ၂။ အခွန်ထမ်းမှတ်ပုံတင်လက်မှတ် | | | | |
| ၃။ နေရပ်လိပ်စာ | ဖုန်းနံပါတ် | | အီးမေးလ် | |
| | လိပ်စာ | | | |
| ၄။ အဓိကစီးပွားရေးလုပ်ငန်းအမျိုးအစား | ☐ ကုန်သွယ်မှု | | ☐ ထုတ်လုပ်မှု | ☐ ဝန်ဆောင်မှု |
| ၅။ငလျင်မတိုင်ခင် အလုပ်သမားအရေအတွက် | | | | |
| ၆။ လက်ရှိဆောင်ရွက်မှုအခြေအနေ | ☐ အပြည့်အဝလည်ပတ်ခြင်း | | ☐ တစ်စိတ်တစ်ပိုင်းလည်ပတ်ခြင်း | |
| | ☐ ယာယီပိတ်သိမ်းခြင်း | | ☐ အပြီးတိုင်ပိတ်သိမ်းခြင်း | |

| အပိုင်း ခ၊ ပျက်စီးဆုံးရှုံးမှုဖော်ပြချက် | | |
|---|---|---|
| ၁။ ငလျင်ဖြစ်ပွားသောနေ့ရက် | | |
| ၂။ ပျက်စီးမှုကာလ | | |
| ၃။ ပျက်စီးဆုံးရှုံးမှုအသေးစိတ် | ကုန်လက်ကျန်များ | |
| | ☐ ကုန်ကြမ်းများ/ အစိတ်အပိုင်း | ☐ ကြားခံပစ္စည်း (ကုန်ပစ္စည်းများလုံခြုံစေရန်အသုံးပြုသော |
| | ☐ ထုတ်လုပ်ဆဲကုန်လက်ကျန်များ | ☐ အရန်ကုန်လက်ကျန်များ |
| | ☐ ကုန်ချော | ☐ လွှဲပြောင်းကုန်လက်ကျန်များ |
| | ☐ ထိန်းသိမ်း/ ပြုပြင်/ ဆောင်ရွက်မှုတို့တွင်အသုံးပြုသော ကုန်လက်ကျန်များ | ☐ အပို/အသုံးမပြုသောကုန်လက်ကျန်များ |
| | ☐ ထုတ်ပိုးရာတွင်အသုံးပြုသောပစ္စည်းများ | ☐ အခြား |

မြန်မာကျပ်ငွေဖြင့်သာဖော်ပြရန်

**အပိုင်း ဂ၊ လုပ်ငန်းဆုံးရှုံးမှုပမာဏကို တွက်ချက်ခြင်း**

| ကုန်လက်ကျန်များ | ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှု အမျိုးအစားများ | ၂၇-၃-၂၀၂၅ ရက်နေ့ရှိ တန်ဖိုး | ၂၉-၃-၂၀၂၅ ရက်နေ့ရှိ တန်ဖိုး | ပျက်စီးဆုံးရှုံးမှု | | ပြန်လည်ရောင်းချခြင်းမှ ရငွေ | အသားတင် ဆုံးရှုံးမှု |
|---|---|---|---|---|---|---|---|
| | | | | တန်ဖိုး | ရာခိုင်နှုန်း | | |
| ၁။ ကုန်ကြမ်းများ/ အစိတ်အပိုင်းများ | | | | | | | |
| ၂။ ထုတ်လုပ်ဆဲကုန်လက်ကျန်များ | | | | | | | |
| ၃။ ကုန်ချော | | | | | | | |
| ၄။ ထိန်းသိမ်း/ ပြုပြင်/ ဆောင်ရွက်မှု တို့တွင် အသုံးပြုသော ကုန်လက်ကျန်များ | | | | | | | |
| ၅။ ထုတ်ပိုးရာတွင်အသုံးပြုသော ပစ္စည်းများ | | | | | | | |
| ၆။ ကြားခံပစ္စည်း | | | | | | | |
| ၇။ အရန်ကုန်လက်ကျန်များ | | | | | | | |
| ၈။ လွှဲပြောင်းကုန်လက်ကျန်များ | | | | | | | |
| ၉။ အပို/ အသုံးမပြုသော ကုန်လက်ကျန် | | | | | | | |
| ၁၀။ အခြားကုန်လက်ကျန်များ | | | | | | | |
| **စုစုပေါင်း** | | | | | | | |

**အပိုင်း ဃ၊ အခွန်ထမ်း (သို့) ဆောင်ရွက်ခယူ၍ ပုံစံဖြည့်သွင်းသူ၏ ကတိဝန်ခံချက်**

အထက်ဖော်ပြပါ အချက်အလက်များသည် ကျွန်ုပ် သိရှိ ယုံကြည်သမျှ မှန်ကန်ပြည့်စုံပါကြောင်း ကျွန်ုပ်သိရှိရသော အချက်အလက်အားလုံးအရ ဝန်ခံလက်မှတ်ရေးထိုးပါသည်။
(မှတ်ချက်။ စာရွက်စာတမ်း လိမ်ညာတင်သွင်းခြင်းသည် ရာဇသတ်ကြီးဥပဒေပုဒ်မ ၁၇၇ ကို ချိုးဖောက်ခြင်းဖြစ်သည်။ )

| | |
|---|---|
| လက်မှတ် | |
| အမည် | |
| ရာထူး | |

## သဘာဝဘေးအန္တရာယ်(ငလျင်)ကြောင့် ထိခိုက်ပျက်စီးခဲ့သည့်လုပ်ငန်းများ၏ ဆုံးရှုံးမှုများအတွက် ပူးတွဲတင်ပြရမည့်ပုံစံအတွက် အထွေထွေညွှန်ကြားချက်များ

ဤပုံစံသည် ၂၀၂၄-၂၀၂၅ ဝင်ငွေနှစ်ကုန်အတွက် သင့်လျော်သောအသုံးစရိတ်ကို တောင်းဆိုရန် စီးပွားရေးဆိုင်ရာပစ္စည်း ပျက်စီးမှု၊ ဝင်ငွေဆုံးရှုံးမှု သို့မဟုတ် အခြားသော ငလျင်ဆိုင်ရာထိခိုက်မှုများ ကြုံတွေ့ခဲ့ရသော အခွန်ထမ်းများအတွက် ရည်ရွယ်ပါသည်။ ဤပုံစံအား မဖြည့်သွင်းမီ ညွှန်ကြားချက်အားလုံးကို သေချာစွာဖတ်ရှုပါ။

- ပုံစံ၏ ညာဘက်အပေါ်ထောင့်တွင် ဤလျှောက်လွှာတင်သွင်းမည့်နေ့ရက်ကို ထည့်သွင်းရန် ဖြစ်ပါသည်။

**အပိုင်း က၊ လုပ်ငန်းအချက်အလက်**

အပိုင်း က တွင် အခွန်ထမ်း၏ လုပ်ငန်းအချက်အလက်ကို အပြည့်အစုံ ထည့်သွင်းရပါမည်။

**အပိုင်း က၊ အကျွံးကွက် ၁**

**အခွန်ထမ်းအမည်။** ပြည်တွင်းအခွန်များဦးစီးဌာနတွင် မှတ်ပုံတင်ထားသော လုပ်ငန်းအမည်ကို ဖြည့်သွင်းရပါမည်။

**အပိုင်း က၊ အကျွံးကွက် ၂**

**အခွန်ထမ်းမှတ်ပုံတင်အမှတ်။** ပြည်တွင်းအခွန်များဦးစီးဌာနမှ ထုတ်ပေးထားသော ကိန်းဂဏန်း ၉ လုံးပါ အခွန်ထမ်းမှတ်ပုံတင်အမှတ်ကို ဖြည့်သွင်းရပါမည်။

**အပိုင်း က၊ အကျွံးကွက် ၃**

**လုပ်ငန်းလိပ်စာ။** ဆက်သွယ်ရန်ဖုန်းနံပါတ်၊ အီးမေးလ်လိပ်စာနှင့် လုပ်ငန်းလိပ်စာအသေးစိတ်ကို ဖြည့်သွင်းရပါမည်။

**အပိုင်း က၊ အကျွံးကွက် ၄**

**အဓိကလုပ်ငန်းအမျိုးအစား။** အဓိကလုပ်ငန်းအမျိုးအစားများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာအကွက်တွင် အမှန်ခြစ်ပေးရန် ဖြစ်ပါသည်။

**အပိုင်း က၊ အကျွံးကွက် ၅**

**ငလျင်မတိုင်ခင် အလုပ်သမားအရေအတွက်။** သဘာဝဘေးအန္တရာယ်(ငလျင်)မဖြစ်ပွားခင် လုပ်ငန်းတွင်ရှိခဲ့သည့် အလုပ်သမားအရေအတွက်ကို ဖြည့်သွင်းရပါမည်။

**အပိုင်း က၊ အကျွံးကွက် ၆**

**လက်ရှိဆောင်ရွက်မှုအခြေအနေ။** လက်ရှိလုပ်ငန်းလည်ပတ်မှုအခြေအနေကို သက်ဆိုင်ရာအကွက်တွင် အမှန်ခြစ်ပေးရန် ဖြစ်ပါသည်။

**အပိုင်း ခ၊ ပျက်စီးဆုံးရှုံးမှုဖော်ပြချက်**

အပိုင်း ခ တွင် ပျက်စီးဆုံးရှုံးမှုနှင့်ပတ်သက်သည့် အချက်အလက်ကို ဖြည့်သွင်းရန် လိုအပ်မည်ဖြစ်ပါသည်။
(သက်ဆိုင်ရာအထောက်အထားပူးတွဲတင်ပြရန်)

**အပိုင်း ခ၊ အကျွံးကွက် ၁**

**ငလျင်ဖြစ်ပွားသောနေ့ရက်။** ငလျင်ဖြစ်ပွားခဲ့သည့်နေ့ရက်ကို ဖြည့်သွင်းရပါမည်။

**အပိုင်း ခ၊ အကျွံးကွက် ၂**

**ပျက်စီးမှုကာလ။** ပျက်စီးမှုကာလကို ဖြည့်သွင်းရပါမည်။

**အပိုင်း ခ၊ အကျွံးကွက် ၃**

**ပျက်စီးမှုအသေးစိတ်။** ပျက်စီးမှုဖြစ်ပေါ်နေသော ကုန်လက်ကျန်အမျိုးအစားများအတွက် သက်ဆိုင်ရာအကွက်တွင် အမှန်ခြစ်ပေးရန်ဖြစ်ပါသည်။

**အပိုင်း ဂ၊ လုပ်ငန်းဆုံးရှုံးမှုပမာဏကိုတွက်ချက်ခြင်း**

ပထမဒေါင်လိုက်ကွက်၏စာရင်းများနှင့် ဆက်စပ်သည့် ကုန်စည်နှင့် ဝန်ဆောင်မှုအမျိုးအစားများကို ဖော်ပြရပါမည်။ ပျက်စီးဆုံးရှုံးမှုတန်ဖိုးနှင့် ရာခိုင်နှုန်းပမာဏကို တွက်ချက်ရာတွင် ၂၇-၃-၂၀၂၅ နေ့ရက်ပါ တန်ဖိုးပမာဏမှ ၂၉-၃-၂၀၂၅ နေ့ရက်ပါ တန်ဖိုးပမာဏသို့ နုတ်ပယ်ရပါမည်။ အသားတင်ဆုံးရှုံးမှုကို တွက်ချက်သည့်အခါ ပျက်စီးဆုံးရှုံးမှုတန်ဖိုးပမာဏမှ ပြန်လည်ရောင်းချမှု ပမာဏကို နုတ်ပယ်ရပါမည်။ အကယ်၍ ပျက်စီးသည့်ကုန်လက်ကျန်များကို ပြန်လည်ရောင်းချပါက ဤပုံစံရှိ ပြန်လည်ရောင်းချရငွေအကွက်နှင့် ကြေညာလွှာပုံစံ၏ အပိုင်း ဂ၊ အလျားကွက် ၁ တွင် ဖြည့်သွင်းရပါမည်။ ပျက်စီးဆုံးရှုံးသွားသော ကုန်လက်ကျန်များ၏ ကုန်ကျစရိတ်များကို ကြေညာလွှာပုံစံ၏ အပိုင်း က၊ အလျားကွက် ၂ တွင် ဖြည့်သွင်းရန်ဖြစ်ပါသည်။ ပြန်လည်ရောင်းချနိုင်ခြင်းမရှိသောကုန်လက်ကျန်များ/ ပျက်စီးဆုံးရှုံးသော်လည်း စာရင်းမရှင်းလင်းရသော ကုန်လက်ကျန်များကို ကြေညာလွှာပုံစံ၏ အပိုင်း စ၊ အလျားကွက် ၁၃ တွင် ထည့်သွင်းဖော်ပြခြင်းဖြင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်သို့ ဆက်လက်ယူဆောင်သွားနိုင်ပါသည်။

**အပိုင်း ဃ၊ အခွန်ထမ်း (သို့) ဆောင်ရွက်ခယူ၍ ပုံစံဖြည့်သွင်းသူ၏ ကတိဝန်ခံချက်**

ဤကြေညာလွှာမတင်သွင်းမီ အခွန်ထမ်း သို့မဟုတ် ဆောင်ရွက်ခယူ၍ ပုံစံဖြည့်သွင်းသူမှ လက်မှတ်ထိုးခြင်း၊ အချက်အလက်များ ဖြည့်သွင်းခြင်းဖြင့် ဝန်ခံကတိပြုလက်မှတ်ရေးထိုးရန်ဖြစ်ပါသည်။ စာရွက်စာတမ်းလိမ်ညာတင်သွင်းခြင်းသည် ရာဇသတ်ကြီးဥပဒေပုဒ်မ ၁၇၇ ကို ချိုးဖောက်ခြင်းဖြစ်သည်ကို သတိပြုစေလိုပါသည်။